# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 28 , 2024 | Volume 76, Number 19

၂၈.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၉၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၆၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၅၁၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ INTRODUCTION COURSE ON WTO (PRINCIPLES AND GENERAL RULES) သင်တန်း၊ အင်္ဂလိပ်ဘာသာ စကားကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၄)နှင့် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲများကိုတက်ရောက်



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ မိတ်ဆက်သင်တန်း Introduction Course on WTO(Principles and General Rules)၊ အင်္ဂလိပ်ဘာသာ စကားကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၄)နှင့် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲများကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၆ ရက်၊ အင်္ဂါနေ့၊ နေ့လယ် (၂) နာရီအချိန်တွင် နေပြည်တော်၊ ရုံးအမှတ် (၃) ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေး၏ သမိုင်းကြောင်းများ၊ မူဝါဒနှင့်စည်းမျဉ်းစည်းကမ်းများ၊ သဘောတူညီချက်များကို သိရှိနားလည်ပြီး လုပ်ငန်းခွင်အတွင်း အသုံးပြုနိုင်ရေးအတွက် သင်တန်းများပို့ချပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အလားတူ အင်္ဂလိပ် ဘာသာစကားအရေး၊ အဖတ်၊ အပြော၊ နားထောင်မှုစွမ်းရည်များတိုးတက်ရန် အင်္ဂလိပ်စာသင်တန်း

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ကိုပါ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ပို့ကုန်သွင်းကုန်မူဝါဒများ သိရှိနားလည်မှ လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ သင်တန်းမှပို့ချသော နည်းစနစ်များ၊ သင်ခန်းစာများကို အမှီပြု၍ ဆက်လက်လေ့လာရန် လိုအပ်မည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် လေ့လာနိုင်ဖို့လိုကြောင်း၊ သင်ယူလေ့လာခြင်းမှ ပိုမိုတတ်သိသော မျိုးဆက်သစ်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းသားထူးချွန်ဆုများချီးမြှင့်ရာ Introduction Course on WTO (Principles and General Rules) သင်တန်းမှ ဆုရသင်တန်းသားများကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၄) မှ ဆုရသင်တန်းသားများကို ဒုတိယဝန်ကြီးကလည်းကောင်း၊ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ ဆုရသင်တန်းသားများကို ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များနှင့် နည်းပြဂုဏ်ပြုမှတ်တမ်းများကို ကုန်သွယ်ရေးဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား/သူ ၁၁၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးသည် ဆုရသင်တန်းသား/သူများနှင့်အတူ လန်းဆန်းစာများကို သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%

## သထုံခရိုင်၏ ဆန်စပါးဈေးနှုန်းနှင့် စီးဝင်/စီးထွက်မှုအခြေအနေ



သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်၌ စပါး၊ ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိခဲ့ပါသည်။ သထုံခရိုင်အတွင်းမှ အခြားတိုင်းဒေသကြီးနှင့် အခြားခရိုင်မြို့နယ်များသို့ ဆန်စီးထွက်မှုနှုန်းမှာ မော်လမြိုင်ခရိုင်သို့ (၄၀၀၀) အိတ်ခန့်၊ ကရင်ပြည်နယ်သို့ (၂၀၀၀) အိတ်ခန့်၊ စုစုပေါင်း (၆၀၀၀) အိတ်ခန့်၊ တန်ချိန်အားဖြင့် (၂၉၀) တန်ခန့်စီးထွက်ခဲ့သည်။

ယခုမတ်လ တတိယပတ်တွင်မော်လမြိုင်ခရိုင်သို့ (၃၇၅၀) အိတ်ခန့်၊ ကရင်ပြည်နယ်သို့ (၂၁၀၀) အိတ်ခန့်၊ စုစုပေါင်း (၅၈၅၀) အိတ်ခန့်၊ တန်ချိန်အားဖြင့် (၂၈၀) တန်ခန့်စီးထွက်ခဲ့ပြီး ယခင်အပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ပုံမှန်အတိုင်း စီးထွက်ခဲ့သည်။

သထုံခရိုင်အတွင်းသို့ မတ်လ ဒုတိယပတ်တွင် ဆန်စီးဝင်မှုနှုန်းမှာ ရန်ကုန်တိုင်းဒေသကြီးမှ (၁၄၀၀) အိတ်ခန့်၊ ပဲခူးတိုင်းဒေသကြီးမှ (၂၁၀၀) အိတ်ခန့်၊ စုစုပေါင်း (၃၅၀၀) အိတ်ခန့်၊ တန်ချိန်အားဖြင့် (၁၆၉) တန်ခန့်စီးဝင်ခဲ့ပြီး၊ ယခုမတ်လတတိယပတ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ (၁၃၀၀) အိတ်ခန့်၊ ပဲခူးတိုင်းဒေသကြီးမှ (၁၉၀၀) အိတ်ခန့်၊ စုစုပေါင်း (၃၂၀၀) အိတ်ခန့်၊ တန်ချိန်အားဖြင့် (၁၅၄) တန်ခန့်စီးဝင်ခဲ့ပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်း၍ စီးဝင်ခဲ့သည်။

သထုံခရိုင်အတွင်း၌ မတ်လ တတိယပတ်တွင် စပါး၊ ဆန်ဈေးနှုန်းများမှာ စပါးတင်း (၁၀၀)လျှင် ဒေသပေါက်ဈေးနှုန်းများမှာ ကျားပျံဟိုတယ် (၃,၄၅၀,၀၀၀)ခန့်၊ ပေါ်ဆန်းဝါ (၃,၂၀၀,၀၀၀) ခန့်၊ ကမာကြည် (၂,၆၀၀,၀၀၀)ခန့်၊ ဧည့်မထ (၂,၀၀၀,၀၀၀)ခန့်နှင့် (၂၄)ပြည်ဝင်ဆန်တစ်အိတ်လျှင် ကျားပျံဟိုတယ် (၁၁၈,၀၀၀)ခန့်၊ ပေါ်ဆန်းဝါ (၁၁၂,၀၀၀) ခန့်၊ ကမာကြည် (၉၅,၀၀၀)ခန့်၊ ဧည့်မထ (၈၀,၀၀၀)ခန့်ရှိပြီး ယခုအပတ်တွင် စပါးဆန်ဈေးနှုန်းမှာ အကျဘက်သို့ ဦးတည်လျက်ရှိကြောင်း သိရသည်။

**Source: https://www.doca.gov.mm**

**https://myantrade-gov-mm.translate.goog/article/naypyitaw_**

## မန္တလေးဈေးကွက်အတွင်း မတ်လနောက်ဆုံးပတ်မှစ၍ ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းလျက်ရှိ

မန္တလေးဈေးကွက်အတွင်း မတ်လနောက်ဆုံးပတ်မှစ၍ ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) မှ အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ ယခုလက်ရှိ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ပဲပုပ်(ရှမ်း)များ မန္တလေးဈေးကွက်အတွင်းအရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း၊ အလားတူ အရည်အသွေးကောင်းမွန်သည့် ပဲပုပ်(ရှမ်း)ကို ကုန်သည်များ ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကထွက်တဲ့ပဲပုပ်ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ပြည်ပကနေပြီးတော့ ပြည်တွင်းကထွက်ရှိတဲ့ပဲပုပ်ကို မှာယူမှုကတော့ အနည်းငယ်လောက်ပဲရှိပါတယ်" ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။ ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ်(ရှမ်း)ဈေးနှုန်းမှာ ယနေ့(မတ်လ ၂၇)နေ့ပေါက်ဈေးအရ ၅၃ ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၀ ခန့်ထိပေါက်ဈေးရှိလာပြီး အရောင်းအဝယ်ပြန်လည်ကောင်းလျက်ရှိကြောင်း သိရသည်။

အလားတူ ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ပဲပုပ်(ဗမာ) အမျိုးအစားမှာ ၅၃ ပိဿာလျှင် ငွေကျပ် ၁၅၅,၀၀၀ ခန့်ထိပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

https://myantrade-gov-mm

## တရုတ်နိုင်ငံဈေးကွက်ဝယ်လိုအား ရှိနေသည့် မြန်မာ့ ကွမ်းသီးနုပေါင်း





မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော စိုက်ပျိုးရေး လုပ်ငန်းများတွင် "ကွမ်းသီး" စိုက်ပျိုးရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ "ကွမ်းသီး" ဟုဆိုလျှင် ယခင်နှစ်ပေါင်းများစွာက အရောင်းအဝယ်ပြုလုပ်ရာတွင် ကွမ်းသီးအမှည့်အရင့်ကိုသာ ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။ ယခုအခါတွင် ဈေးကွက်ဝယ်လိုအားရှိသော ကွမ်းသီးနုများလည်း အရောင်းအဝယ်ဖြစ်ထွန်းခဲ့၍ ကွမ်းသီးစိုက်တောင်သူများအတွက် များစွာအထောက်အကူဖြစ်ခဲ့သည်။

ကွမ်းသီးပင်သည် ပင်လယ်ရေမျက်နှာပြင်မှ မိုင်(၂၀၀)ခန့်အတွင်း၊ အမြင့်ပေ (၃၀၀၀) အောက်ရှိသော ရေပေါ်များ၍ ရေမဝပ်သောနေရာများတွင် အထူးဖြစ်ထွန်းသည်။ နုန်းမြေသည် ကွမ်းသီးစိုက်ပျိုးရန် အထူးသင့်လျော်ပြီး မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ် အစရှိသောဒေသများတွင် အများအပြား စိုက်ပျိုးကြသည်။

အရောင်းအဝယ်ပြုလုပ်ရာတွင်ကွမ်းသီးခြောက်တစ်ပိဿာနှင့် ကွမ်းသီးနုတစ်ပိဿာဝယ်ယူဈေးနှုန်း တူညီသော်လည်း ကွမ်းသီးခြောက် (အခွံချွတ်) တစ်ပိဿာတွင် ကွမ်းသီးလုံး ၂၂၀ ခန့်နှင့် ကွမ်းသီးနု(အခွံပါ)တစ်ပိဿာတွင် ကွမ်းသီး ၆၂ လုံးခန့်ရှိသည့်အတွက် ကွမ်းသီးနုရောင်းချခြင်းမှာ ကွမ်းသီးခြောက်ရောင်းချခြင်းထက် ၃ဆခွဲ ခန့် ပိုမိုရရှိနိုင်ပြီး၊ ယမန်နှစ် ကွမ်းသီးနု

ဈေးကွက်မှာ ကောင်းမွန်ခဲ့သဖြင့် ကွမ်းသီးမှည့်ချိန် ရောင်းချမှုထက် ကွမ်းသီးအစိမ်းနုများ ရောင်းဝယ်မှု ပိုမို ဖြစ်ထွန်းခဲ့ပြီး ကွမ်းသီးစိုက်တောင်သူများ ဝင်ငွေပိုမိုရရှိခဲ့ကြောင်း သိရှိရသည်။

ကွမ်းသီးစိမ်းအနုကို ကွမ်းသီးပင် စတင်သီးချိန်၊ အရည်နုများ စတင်တည်ချိန်၊ အရွယ်အစား လုံးပတ်အချင်း(၁)လက်မခန့်၊ အလေးချိန် ၂၀ ဂရမ်နှင့် ၃၀ ဂရမ်အကြားတွင် ရောင်းချကြသည်။ ကွမ်းသီးအဝိုင်းသီးနှင့် အချွန်သီး ပုံစံနှစ်မျိုးဖြင့်သီးလေ့ရှိပြီး အချွန်သီး(အရှည်သီး)သာ အရောင်းအဝယ်ဖြစ်သည်။ ကွမ်းသီးအနုများကို မီးအပူဖြင့်ပေါင်း၍ အခြောက်ခံပြီး တရုတ်နိုင်ငံ သို့ အဓိက တင်ပို့ရောင်းချကြသည်။

ကွမ်းသီးစိမ်းအနုများကိုဝယ်ယူ၍ ကွမ်းသီးနုပေါင်းထုတ်လုပ်လျက်ရှိသော မွန်ပြည်နယ်၊ မော်လမြိုင်စက်မှုဇုန်(၁) (အတ္တရံ စက်မှုဇုန်) အတွင်းရှိ HAI YUAN AGRICULTURAL DEVELOPMENT Co; Ltd. မှ ပေါင်းဖိုတစ်ဖိုလျှင် ကွမ်းသီးနု ၈ တန်၊ ဖိုပေါင်း (၁၀)ဖိုမှ တန် ၈၀ ပေါင်းခံထုတ်လုပ်နိုင်ကြောင်း၊ တစ်ကြိမ်ပေါင်းလျှင် ၄ ရက်ခွဲခန့် ကြာမြင့်ပြီး ကွမ်းသီးနုတန်(၈၀) ပေါင်းပါက ကွမ်းသီးခြောက် တန်(၂၀) ရရှိကြောင်း သိရသည်။ ထွက်ရှိ ကွမ်းသီးခြောက်များအား ကုန်ချောထုတ်လုပ်နိုင်ခြင်းမရှိဘဲ အအေးခန်းများတွင်သိုလှောင်၍ ပို့ကုန်လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**Source: မွန်ပြည်နယ်ဦးစီးမှူးရုံး**

https://myantrade-gov-mm

## မြေနုကျွန်းစိုက်မြေပဲသီးနှံများ ဈေးနှုန်းဈေးကွက်ကောင်းမွန်၍ အကျိုးအမြတ်ရရှိ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းဘေးရှိ ဆိပ်ဖြူမြို့၊ ရွာသစ်-အနောက်ပိုင်း၊ အလယ်ပိုင်းရပ်ကွက်များနှင့် ကိုးထောင့်၊ ချင်တောင်၊ အောက်ဆိပ်၊ မြင်ကဝ၊ ကမ္ဘာကြီးအုပ်စုများအတွင်းရှိ ကျေးရွာများ၌ ဆီထွက်သီးနှံ တစ်မျိုးဖြစ်သော မြေပဲသီးနှံကို ကိုင်းမြေနုကျွန်းများတွင် မိုးမြေပဲနှင့် ဆောင်းမြေပဲဟူ၍ နှစ်ရာသီစိုက်ပျိုးကြပြီး ဆောင်းမြေပဲစိုက်ဧက ၃၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း၊ မြေပဲသီးနှံစိုက်ပျိုးမှုအနေဖြင့် အောက်တိုဘာလမှ နိုဝင်ဘာလကုန်အထိ စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလ လဆန်းပိုင်းမှစတင်၍ မတ်လအထိတူးဖော်ကြကြောင်း၊ မြေပဲမျိုးအနေဖြင့် ၃ လပဲ မြေပဲတောင့်အသေး အဆံအဖြူ (S1) မျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် ကျပ် ၆၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခုနှစ်တွင် ကိုင်းကျွန်းမြေစိုက်ခင်းများအတွင်း မြစ်ရေများဝင်ကာ သဲနုန်းမြေ တင်ကျန်မှုများပြားပြီး ရာသီဥတု ကောင်းမွန်ခြင်းကြောင့် တစ်ဧကလျှင် မြေပဲအထွက် တင်း ၅၀ ခန့်၊ မြေပဲဆန်အားဖြင့် ၂၂၅ ပြည်ခန့်ထွက်ရှိကြောင်း၊ မြေပဲစိုက်တောင်သူများသည် ထွက်ရှိသောမြေပဲသီးအတောင့်များကို အခြောက်လှန်း၍ မြေပဲအတောင့်ခြောက်အဖြစ် ရောင်းချမှုနည်းပါးပြီး မြေပဲအတောင့်ကို ထုခွဲ၍ ရရှိလာသော မြေပဲဆန်များကိုသာ ရောင်းချမှုများပြားကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် သီးနှံပေါ်ချိန်တွင် ဒေသပေါက်ဈေးမှာ မြေပဲလုံးဆံ တစ်ပြည်လျှင် ကျပ် ၆,၇၀၀ ပေါက်ဈေးရှိ၍ ဝင်ငွေ အနေဖြင့် တစ်ဧကလျှင် ကျပ် ၁,၅၀၇,၅၀၀ ရရှိပြီး ကျပ် ၉၀၇,၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။ ဈေးကွက်အနေဖြင့် ဆီထွက်သီးနှံ မြေပဲကို ပြည်တွင်းစားသုံးမှုအတွက် ဆီကြိတ်ခွဲထုတ်လုပ်ရောင်းဝယ်လျက်ရှိသော ဆီစက်လုပ်ငန်းရှင်များနှင့် အသင့်စားစားသောက်ကုန်များ ထုတ်လုပ်လျက်ရှိသော လုပ်ငန်းရှင်များမှ ဝယ်ယူသိုလှောင်မှုများ ရှိသည့်အပြင် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိခြင်းကြောင့် ဈေးနှုန်းဈေးကွက်ခိုင်မာမှုရှိသော မြေပဲသီးနှံကို ဒေသခံ တောင်သူများမှ စိုက်ပျိုးမှုများပြားလာပြီး အကျိုးအမြတ်များရရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

**Source: DOCA (မကွေး)**

**Source:** https://commerce.gov.mm

https://myantrade-gov-mm

## ကျောက်ဆည်ခရိုင်တွင် နှမ်းများစတင်စိုက်ပျိုးလျက်ရှိ



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် နှမ်းများ စတင်စိုက်ပျိုးလျက်ရှိပြီး ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်၌ ကျောက်ဆည်မြို့နယ်တွင် ၆၅၉ ဧက၊ မြစ်သားမြို့နယ်တွင် ၅၉၉ ဧက၊ စုစုပေါင်း ၁၂၅၈ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နှမ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းညို၊ နှမ်းဖြူ၊ နှမ်းနက် မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြပြီး ယခုအချိန်တွင် ရေပေးဝေမှု စောသောကြောင့် နှမ်းများကို အစောဆုံးစိုက်ပျိုးကြပြီး နှမ်းစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၃၅၀,၀၀၀ ကျပ် ကုန်ကျကြောင်း၊ ယခင်နှစ် နှမ်းအထွက်နှုန်းများအနေဖြင့် တစ်ဧကလျှင် ၈ တင်းခန့်ထွက်ရှိပြီး ယခုနှစ်တွင် ပုံမှန်ရေပေးဝေမှုနှင့် ရာသီဥတုကောင်းမွန်ပါက အထွက်နှုန်းများ ကောင်းမွန်နိုင်မည်ဟု ခန့်မှန်းရကြောင်း တောင်သူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

**Source: DOCA (မန္တလေး)**

**Source: https://commerce.gov.mm**

## ကျောက်ဆည်ခရိုင်တွင် ဆောင်းကြက်သွန်နီများ လှိုင်လှိုင်ရိတ်သိမ်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်၍ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင် သီးနှံဖြစ်သည့် ဆောင်းကြက်သွန်နီများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ခရိုင်အတွင်းဆောင်းကြက်သွန်နီ စိုက်ပျိုးမှု အနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၇၈၈၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၃၅၁၅ ဧက၊ မြစ်သားမြို့နယ်တွင် ၁၅၅၀၁ ဧက၊ စုစုပေါင်း ၂၆၉၀၂ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး မတ်လ၊ တတိယပတ် အထိ ဆောင်းကြက်သွန်နီ စုစုပေါင်းရိတ်သိမ်းဧက ၁၄၁၅၅ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဆောင်းကြက်သွန်နီ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ၁,၈၀၀,၀၀၀ ကျပ်ခန့် ကုန်ကျပြီး တစ်ဧကလျှင် ၂၈၀၀-၂၉၀၀ ပိဿာထွက်ရှိကြောင်း၊ ဈေးနှုန်းများအနေဖြင့် ကြက်သွန်နီ (ဂျုန်) တစ်ပိဿာလျှင် လက်ကားဈေး ၂,၃၀၀-၂,၄၀၀ ကျပ်ဖြင့်လည်းကောင်း၊ လက်လီဈေးအနေဖြင့် ကြက်သွန်နီ တစ်ပိဿာလျှင် အကြီး ၃,၄၀၀ ကျပ်ဖြင့်လည်းကောင်း၊ အလတ် ၃,၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ အသေး ၂,၈၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တစ်ဧကလျှင် ဝင်ငွေအနေဖြင့် ၆,၉၆၀,၀၀၀ ကျပ်ရရှိပြီး အကျိုးအမြတ်အနေဖြင့် ၅,၁၆၀,၀၀၀ ကျပ်ခန့်ရရှိကြောင်း၊ ကြက်သွန်နီ ဈေးနှုန်းများ ကောင်းမွန်သောကြောင့် အကျိုးအမြတ်ရရှိကြောင်း ကြက်သွန်နီစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**Source: DOCA (မန္တလေး)**

**Source: https://commerce.gov.mm**

# STOCK EXCHANGE (28.3.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Mar. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 31,416 (Shares) | 55,363,700 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 373 | 3,133,200 | 33,109,694 | 278,121 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 142 | 405,200 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 119 | 928,200 | 10,400,986 | 81,128 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 51 | 76,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | -100 | -3.85% | 2,600 | 2,600 | 2,500 | 61 | 154,600 | 12,823,224 | 32,058 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,700 | 1,750 | 1,700 | 560 | 962,500 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,850 | 110 | 203,500 | 23,804,946 | 44,039 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th Mar. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.42 | +0.46 | +0.13% | 358.59 | 359.63 | 358.42 | 1,416 | 5,863,700 | 8 | 676,038 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 28th Mar. 2024

| Trading Volume | Trading Value |
|---|---|
| 31,416 (Shares) | 55,363,700 (MMK) |

## Main Board

As of 1:00 pm, 28th Mar. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 31,416 (Shares) | 55,363,700 (MMK) |

| MYANPIX | 358.42 ▲ 0.46 |
|---|---|
| Total Volume (shares) | 1,416 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,038 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▼ 100 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,850 | ▲ 50 |